**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် **၁၈၆** / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

**သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအတွင်းဝင်ရောက်လာသည့် သွင်းကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းမှန်ကန်မှုရှိစေရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် “ **သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့** ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့်သွင်းကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းမှန်ကန်မှု ရှိ/ မရှိ နှင့် ကုန်ပစ္စည်းတင်သွင်းမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊

(ခ) သွင်းကုန်ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုမဖြစ်ပေါ်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ရန်၊

(ဂ) သွင်းကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာကမ်းရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ/ မရှိ စိစစ်ကြပ်မတ်ရန်၊

(ဃ) သွင်းကုန်ဆိုင်ရာ အကောက်ခွန်များ အပြည့်အဝရရှိရေးအတွက် ကြီးကြပ်ကွပ်ကဲရန်၊

(င) သွင်းကုန်လုပ်ငန်းများအတွက် ငွေကြေးစီးဆင်းမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ငွေကြေးမူဝါဒဆိုင်ရာလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သွင်းကုန်ပစ္စည်းတန်ဖိုးမှန်ကန်မှုရှိစေရေး သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

၃။ သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့သည် အဖွဲ့ခွဲများ နှင့် လုပ်ငန်းတာဝန်များကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး